MYANMAR GARMENT MANUFACTURERS ASSOCIATION

# NEWSLETTER

JUNE 2025, ISSUE



## နဝမအကြိမ်မြောက် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး

နဝမအကြိမ်မြောက်မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၈ ရက် တွင် Chatrium Hotel Royal Lake Yangon, Grand Ballroom ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုးမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး UMFCCI ၏ ဒု-ဥက္ကဋ္ဌ ဒေါက်တာ မျိုးသက် မှအမှာစကားပြောကြား ခဲ့သည်။ ထို့နောက် MGMA ၏အထွေထွေအတွင်းရေးမှူး ဒေါ် ခိုင်ခိုင်နွယ်မှ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွက် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြု ချက်ရယူခဲ့သည်။

စာ - ၂ သို့ >>>>>>>>>>

# မာတိကာ

## သတင်းနှင့်လှုပ်ရှားမှုများ စာမျက်နှာ


နဝမအကြိမ်မြောက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ........ ၂~၄

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏လက်ရှိအခြေအနေများ အပေါ် ဆွေးနွေးပွဲ ........ ၅-၆

တတိယအကြိမ် လက်ကမ်းအလှူ အစီအစဉ် ........ ၇-၈

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........ ၉

Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ........ ၁၀-၁၁

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၄) ........ ၁၂-၁၃


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training | July | Member Factories |
| 2. | Working Group Mini Workshop | 19 July | TBC |

## Membership Update


New Member in June 2025 ........ ၁၆

Membership update as of June 2025 ........ ၁၆

# နဝမအကြိမ်မြောက် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး




နဝမအကြိမ်မြောက်မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၈ ရက် တွင် Chatrium Hotel Royal Lake Yangon, Grand Ballroom ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA ၏ ဥက္ကဌ ဦးမြင့်စိုးမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး UMFCCI ၏ ဒု-ဥက္ကဌ ဒေါက်တာ မျိုးသက် မှအမှာစကားပြောကြားခဲ့သည်။ ထို့နောက် MGMA ၏အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွက် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူခဲ့သည်။ အစည်းအဝေးသို့ UMFCCI ၏ ဒု-ဥက္ကဌ၊ MGMA ၏ ဥက္ကဌ၊ ဒု-ဥက္ကဌများ၊ အထွေထွေအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များ၊ အဖွဲ့ဝင်စက်ရုံများမှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြပြီး အခမ်းအနား နောက်ဆုံးအစီအစဉ်အရ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။



Vice - Chairman of UMFCCI Dr.Myo Thet giving opening remark



Chairman of MGMA U Myint Soe giving welcome speech






Secretary General of MGMA Daw Khine Khine New presenting financial report



Participants









မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း













# မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏လက်ရှိအခြေအနေများ အပေါ် ဆွေးနွေးပွဲ

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ " မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများအပေါ် ဆွေးနွေးပွဲ " ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၅ ရက် တွင် UMFCCI Office Tower ၊ ပထမထပ်ရှိ မင်္ဂလာခန်းမ ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် UMFCCI ၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ် မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဌ ဦးမြင့်စိုးမှ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဒေါ်ခိုင်ခိုင်နွယ်မှ " မြန်မာ့အထည်ချုပ် လုပ်ငန်းကဏ္ဍရှိ စက်ရုံ/ အလုပ်ရုံများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) မှချမှတ်ထားသော Article 33 နှင့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများ နှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့ပြီး MGMA ၏ အကြီးတန်းအလုပ်သမားရေးရာအရာရှိ ဦးမင်းစိုးဟန်မှ " CMP စက်ရုံများအတွက် VLCA စစ်ဆေးမှုအခန်းကဏ္ဍ အရေးကြီးပုံ" ကိုရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဧည့်သည်တော်များမှ ILO Article 33 နှင့် VLCA တို့နှင့်စပ်လျဉ်း၍ မေးမြန်းသည့်မေးခွန်းများကို ဒေါ်ခိုင်ခိုင်နွယ်နှင့် ဦးမင်းစိုးဟန်တို့မှ ပြန်လည်ဖြေကြားပေးခဲ့သည်။ အခမ်းအနားသို့ MGMA ၏ ဥက္ကဌ၊ အထွေထွေအတွင်းရေးမှူး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ KOGAM၊ CTGA၊ JGMA တို့မှ ကိုယ်စားလှယ်များနှင့် MGMA အသင်းဝင်စက်ရုံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။




Chairman of MGMA , U Myint Soe giving keynote message




Secretary General of UMFCCI Daw Khine Khine Nwe presenting ILO Article 33 for CMP Business



Senior Labour Officer of MGMA U Min Soe Han presenting VLCA



Participants










# တတိယအကြိမ် လက်ကမ်းအလှူ အစီအစဉ်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် အသင်းသားများ၏ လှူဒါန်းငွေများကို ရှမ်းပြည်တောင်ပိုင်း၊ အင်းလေးဒေသရှိ ငလျင်ဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရန်အတွက် ဝန်းရံမှုးလူမှုကူညီကယ်ဆယ်ရေးအသင်းတို့ကို ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းအပ်နှံခြင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းထိုင် ဘုန်းတော်ကြီးများနှင့် အလှူလက်ခံမည့်အိမ်ရှင်များ နှင့် MGMA CSR Team မှ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက် နှင့် ၁၂ ရက်များတွင် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ပေးရန် ဝန်းရံမှုးလူမှုကူညီကယ်ဆယ်ရေးအသင်းအနေဖြင့် ပွဲစားကုန်းကျေးရွာ၊ မြောင်းဝကြီးကျေးရွာ၊ အိုင်ထောင့်ကြီးကျေးရွာ၊ ကြေးစားကုန်းကျေးရွာ များတွင် ဝါးအိမ် (၁၆)လုံးတည်ဆောက်ပေးရန်၊ ပွဲစားကုန်းကျေးရွာတွင် ရေတွင်းတူးခြင်းနှင့် ရေကန်ဆောက်လုပ်သည့်လုပ်ငန်းစဉ်များ ကျေးရွာ (၁၈)ရွာ ရေရရှိရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးနေမှုများကို သွားရောက် ကြည့်ရှုခဲ့ကြပြီး စီမံကိန်းအထမြောက်ရန် နှင့် သဘောတူစာချုပ်များ ချုပ်ဆိုရန် အစည်းအဝေးများကိုလည်းတက်ရောက်ခဲ့ကြသည်။ ထို့ပြင် အင်းလေး၊ ဖောင်တော်ဦးဘုရားရှိ ဆရာတော်အား ငွေသားတစ်သိန်းကျပ်အားလည်းကောင်း၊ ညောင်ဝန်းကြီးဘုန်းတော်ကြီးကျောင်းတွင် ပြိုကျပျက်စီးခဲ့သောအနောက်ဖက်ကျောင်းဆောင် ပြန်လည်တည်ဆောက်ရန် မတည်အလှူငွေ သိန်း (၁၀၀) တို့ကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။




























မီးဖိုခန်း
ဧည့်ခန်း
ဘုရားခန်း အိမ်ဦးခန်း
အိပ်ခန်း
ရေဝတ်ရေရိယာ







# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။




အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ ILO Article 33 ဆိုင်ရာ ကိစ္စရပ်များ၊ Apparel sourcing in Paris 2025 ဆိုင်ရာကိစ္စရပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၌ပြုလုပ်မည့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဝန်းရံမှူးလူမှုကူညီ ကယ်ဆယ်ရေးအသင်း နှင့်ပူးပေါင်း၍ ရှမ်းပြည်တောင်ပိုင်း၊ အင်းလေးဒေသ တွင်ပြုလုပ်မည့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဇွန်လ ၂၈ ရက် တွင်ပြုလုပ်မည့် နဝမအကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေး ပြုလုပ်မည့် လုပ်ငန်းစဉ်များ၊ Working Group ၏လုပ်ငန်းဆောင်တာများ ကိုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။





# Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နှင့် ၂၀ ရက်များတွင် လှိုင်သာယာမြို့နယ်ရှိ Pak Chun Industrial Limited နှင့် Sioen Myanmar Limited တို့၌ပြုလုပ်ခဲ့သည်။

MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှအဖွင့်အမှာစကားပြောကြားခဲ့ပြီးသင်တန်းကို စတင်ခဲ့သည်။ သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

ထို့နောက် MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှသင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်စကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ Pak Chun Industrial Limited မှ OSH ကော်မတီအဖွဲ့ဝင် (၂၄) ဦးတက်ရောက်ခဲ့ပြီး Sioen Myanmar Limited မှ ဝန်ထမ်း (၁၉) ဦးတက်ရောက်ခဲ့သည်။

## Pak Chun Industrial Limited












## Sioen Myanmar Limited









# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၄)



Batch – 254 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၄) ကို ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်မှ ဇွန်လ ၆ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာ အထက်တန်းကျောင်း (ရွာမ)မှ ကျောင်းအုပ်ကြီး ဦးဇေယျာအောင် မှ အဖွင့်အမှာစကားနှင့် အပိတ်အမှာ စကားများ ပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၄၀) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



Principle of GTHS giving Closing Remarks



Manager of MGHRDC giving Opening Remarks



MGMA conducting Labor Law Awareness



Safe Migration Seminar by IOM



Practice Session



Trainer of MGHRDC presenting Sewing Method



Practice Session



Practice Session



Awarding Certificates



Awarding Certificates

# ကြေငြာချက်

၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၃) ရက်။

၁။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပပြုလုပ်သော ၁၁၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ညီလာခံတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ILO က မြန်မာနိုင်ငံအပေါ် ILO Constitution Article 33 ကျင့်သုံးမှုအစီအမံများဖြင့် စောင့်ကြည့်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းအတွက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA အနေဖြင့် အလုပ်သမားများစွာ မှီခိုလုပ်ကိုင်လျက်ရှိသော မြန်မာ့ CMP လုပ်ငန်းကဏ္ဍအတွက် များစွာ စိတ်မကောင်းဖြစ်ရပါသည်။

၂။ မြန်မာ့ CMP လုပ်ငန်းကဏ္ဍတွင် အထည်ချုပ်လုပ်ငန်း၊ အိတ်ချုပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း နှင့် လျှပ်စစ်ပစ္စည်း တပ်ဆင်ခြင်းလုပ်ငန်း စသည့် လုပ်ငန်းများ ပါဝင်ပါသည်။ ၎င်းလုပ်ငန်းစက်ရုံများသည် ကုန်ကြမ်းပေး၊ ကုန်ချောယူ (CMP လက်ခစား) စနစ်ဖြင့်လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။ CMP လက်ခစား စနစ်မှာ လုပ်ငန်းအပ်နှံသူနှင့် နိုင်ငံတကာကုန်အမှတ်တံဆိပ် (Brand) များက ကုန်ကြမ်းပစ္စည်းနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများအားလုံးကို ဝယ်ယူပေးပို့၍ (CMP) စက်ရုံတွင် ထုတ်လုပ်ပြီး ကုန်ချောပစ္စည်းကို လုပ်ငန်းအပ်နှံသူနှင့် နိုင်ငံတကာကုန်အမှတ်တံဆိပ်၏ ညွှန်ကြားချက်အတိုင်း သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်တင်ပို့ရသော လုပ်ငန်းဖြစ်ပါသည်။

၃။ CMP လုပ်ငန်းတွင် စက်ရုံဘက်မှရသော လက်ခစားတန်ဖိုးမှာ ကုန်သွယ်မှုတန်ဖိုး၏ ပျမ်းမျှ ၁၀% ခန့်ဖြစ်ပါသည်။ CMP စက်ရုံများတွင် စုစုပေါင်း အလုပ်သမားဦးရေ ၇၀၀,၀၀၀ ဝန်းကျင်နှင့် ဆက်စပ်လုပ်ငန်းများတွင် အဆိုပါ အလုပ်သမားဦးရေ၏ ၂ ဆဝန်းကျင် လုပ်ကိုင်လျက်ရှိပြီး ၎င်းတို့အပေါ် မှီခိုနေသူမိသားစုဝင်ရေဦးရေမှာ ၄ ဆဝန်းကျင်ရှိပါသည်။ မြန်မာ့ CMP လုပ်ငန်းကဏ္ဍတွင် သက်ဆိုင်ရာနိုင်ငံတကာဈေးကွက်များမှ လုပ်ငန်းအပ်နှံသူ ကုန်အမှတ်တံဆိပ်များသည် ၎င်းတို့သတ်မှတ်ပြဋ္ဌာန်းသည့် လုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းကမ်းများကို CMP စက်ရုံများက တိကျသေချာစွာ လိုက်နာနိုင်မှသာ အလုပ်အပ်နှံကြခြင်းဖြစ်ပါသည်။

၄။ မြန်မာ့ CMP လုပ်ငန်း အထည်ချုပ်ကဏ္ဍတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA ၏ အသင်းဝင်စက်ရုံပေါင်း ၅၂၃ ရုံရှိသည့်အနက် ၆၀% ခန့်မှာ ဥရောပသမဂ္ဂဈေးကွက်သို့လည်းကောင်း၊ ၂၀% ခန့်မှာ ဂျပန်ဈေးကွက်နှင့် ကျန် ၂၀% ခန့်မှာ အခြားဈေးကွက်များသို့လည်းကောင်း တင်ပို့နေပါသည်။ ထို့ကြောင့် လုပ်သားအင်အားအများအပြားဖြင့် လုပ်ကိုင်ရသော CMP လုပ်ငန်းကဏ္ဍရှိ စက်ရုံ အလုပ်ရုံများသည် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA မှ ဆောင်ရွက်လျက်ရှိ

သော ကျင့်ဝတ်စည်းကမ်း လိုက်နာမှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ကြရပါသည်။ ထို့အပြင် ILO မှ ဆုံးဖြတ်သော Article 33 ၏ အကြံပြုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေး တိုးတက်မှုကို ရှေးရှု၍ MGMA အနေဖြင့် ILO အပါအဝင် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ကိုယ်စားလှယ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- မြန်မာနိုင်ငံ CMP လုပ်ငန်း၏ လုပ်ငန်းစဉ်များကို သိရှိလေ့လာလိုပါက Eurocham Myanmar ၏ ထုတ်ပြန်ချက်ဖြစ်သော MYANMAR GARMENT SECTOR FACTSHEET 2.0 (NOVEMBER 2023) တွင် လေ့လာနိုင်ပါသည်။
  https://eurocham-myanmar.org/2023/11/01/myanmar-garment-sector-factsheet-2-0

**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း**

# MEMBERSHIP UPDATE

New Members in June 2025

| Country | No. of New Member Factories |
| --- | --- |
| China | 1 |
| Myanmar | 1 |
| **Total** | 2 |

Membership Update as of June 2025

| Status | Country | No. of Factories |
| --- | --- | --- |
| Active | Myanmar | 65 |
| | China | 343 |
| | Korea | 55 |
| | Japan | 17 |
| | Others | 20 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 50 |
| Total (Active) | | 575 |
| Temporary Closed | | 55 |